# 2020 ခုနှစ် အထွေထွေရွေးကောက်ပွဲနဲ့ ပြည်သူ့ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခြင်းနှင့်ပတ်သက်သည့် သင်၏လမ်းညွှန်။



ELECTORAL COMMISSION
TE KAITIAKI TAKE KŌWHIRI

E231 08/20 Burmese

## 2020 ခုနှစ်တွင် မျှော်မှန်းထားရမည့်အရာနှင့် မဲပေးရမည့်ပုံစံကို နားလည်ထားပါ။

### သင်သည် စာရင်းသွင်းထားကာ သင်၏အသေးစိတ်အချက်များသည် အချိန်နှင့်တပြေးညီဖြစ်နကြောင်း သေချာပါစေ။

မဲပေးရန်အတွက်၊ သင်သည် စာရင်းသွင်းရန်လိုအပ်ပါသည်။ သင်သည် အသက် 18 နှစ် သို့မဟုတ် ၎င်းအထက်၊ နယူးဇီလန်နိုင်ငံသား သို့မဟုတ် အမြဲတမ်းနေထိုင်သူဖြစ်ပြီး၊ သင့်ဘဝ၏အချိန်များအတွင်း နယူးဇီလန်နိုင်ငံတွင် 12 လဆက်တိုက် သို့မဟုတ် ထို့ထက်ပို၍ နေထိုင်သူဖြစ်ပါက၊ စာရင်းသွင်းရမည်ဖြစ်ပါသည်။

### မဲပေးခြင်းကို လျင်မြန်စွာနှင့် လွယ်ကူစွာပြုလုပ်ရန် စောစီးစွာစာရင်းသွင်းပါ

သင်သည် စက်တင်ဘာလ (13) ရက် တနင်္ဂနွေနေ့တွင်စာရင်းသွင်းပါက၊ သင်သည် ရွေးကောက်ပွဲနေ့မတိုင်မီ 2 ပတ်ခန့်အလိုတွင် စာတိုက်မှ EasyVote အထုပ်ကို လက်ခံရရှိပါလိမ့်မည်။

သင်၏ EasyVote အထုပ်သည် သင့်ကို မည်သည့်အချိန်နှင့် မည်သူ့အတွက်မဲပေးနိုင်သည်ဆိုသည်ကို ပြောပြပါလိမ့်မည်။ သင်၏အထုပ်တွင် မဲပေးခြင်းကို ပိုမိုလျင်မြန်လွယ်ကူစွာပြုလုပ်ပေးသော သင်၏ ကိုယ်ပိုင်အမှတ်အသားလုပ်ထားသည့် EasyVote ကဒ်လည်း ပါရှိပါလိမ့်မည်။

သင်သည် ရွေးကောက်ပွဲနေ့အပါအဝင် စက်တင်ဘာလ (13) ရက်နေ့နောက်ပိုင်းတွင် စာရင်းသွင်းနိုင်သော်လည်း EasyVote ကတ်ကိုတော့ ရရှိမည်မဟုတ်ပါ။ သင်သည် ပို၍အချိန်ကြာမြင့်သော အထူးမဲကိုဆန္ဒမဲပေးရန်လည်း လိုအပ်ပါလိမ့်မည်။

### သင်၏အသေးစိတ်အချက်များကို အွန်လိုင်းတွင် စာရင်းသွင်းပါ၊ စစ်ဆေးပါ သို့မဟုတ် အပ်ဒိတ်လုပ်ပါ

နယူးဇီလန် ယာဉ်မောင်းလိုင်စင်၊ နယူးဇီလန်ပတ်စ်ပို့ သို့မဟုတ် RealMe အတည်ပြုစစ်ဆေးထားသည့် အထောက်အထားကိုသုံးကာ သင်၏အသေးစိတ်အချက်များကို အွန်လိုင်းတွင် စာရင်းသွင်းရန်၊ စစ်ဆေးရန် သို့မဟုတ် အပ်ဒိတ်လုပ်ရန်မှာ လွယ်ကူပါသည်။ **vote.nz** သို့ သွားပါ

**သင်သည် အောက်တိုဘာလ (3) ရက်မှစတင်ကာ မည်သည့်မဲပေးသည့်နေရာတွင်မဆို စာရင်းသွင်းနိုင်ပါသည် သို့မဟုတ် ဖော်ပြပါနည်းလမ်းများအနက်မှတစ်ခုတွင် စာရင်းသွင်းဖောင်ကို တောင်းယူပါ-**

- **0800 36 76 56 ထံ ဖုန်းခေါ်ဆိုပါ**
- **သင်၏အမည်နှင့်လိပ်စာကို 3676 သို့ အခမဲ့စာပေးပို့ပါ**

### စောစီးစွာမဲပေးပါ

2020 ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ပြည်သူ့ဆန္ဒခံယူပွဲများကို အောက်တိုဘာလ (17) ရက်နေ့၊ စနေနေ့တွင် ကျင်းပသွားမည်ဖြစ်ပါသည်။ တန်းစီစောင့်ဆိုင်းရသည့်အချိန်ပိုနည်းစေရန် စောစီးစွာမဲပေးပါ — သင်သည် မဲပေးရန် ရွေးကောက်ပွဲနေ့ရောက်သည်အထိ စောင့်ဆိုင်းရန်မလိုအပ်ပါ။

| | |
|---|---|
| **မဲပေးခြင်းဖွင့်လှစ်မှု-** | အောက်တိုဘာလ (3) ရက်နေ့၊ စနေနေ့၊ မနက် 9 နာရီ |
| **မဲပေးခြင်းပိတ်သိမ်းမှု-** | ည 7 နာရီ၊ ရွေးကောက်ပွဲကျင်းပသည့်နေ့ရက်ဖြစ်သော စက်တင်ဘာလ (17) ရက်၊ စနေနေ့ |

### ဖြစ်နိုင်မည်ဆိုပါက ဒေသတွင်း၌ မဲပေးပါ

အိမ်နှင့်နီးသောနေရာတွင်မဲပေးရန်မှာ ပိုမိုလျင်မြန်ကာလွယ်ကူပါသည်။ သင်သည် Aotearoa ရှိ မည်သည့်မဲပေးသည့်နေရာတွင်မဆို မဲပေးနိုင်သော်လည်း သင်၏မဲဆန္ဒနယ်ပြင်ပတွင် မဲပေးမည်ဆိုပါက အပိုဖောင်တစ်စောင်ဖြည့်ရန် လိုအပ်ပါလိမ့်မည်။

### မဲပေးသည့်နေရာများကိုဖွင့်လှစ်မည့်အချိန်နှင့် ၎င်းတို့ကိုရှာဖွေရမည့်နေရာ

သင်သည် အထွေထွေရွေးကောက်ပွဲနဲ့ ပြည်သူ့ဆန္ဒခံယူပွဲတွင် အောက်တိုဘာလ (3) ရက်၊ စနေနေ့မှစတင်ကာ ရွေးကောက်ပွဲကျင်းပသည့်နေ့ဖြစ်သော အောက်တိုဘာလ (17) ရက်နေ့၊ စနေနေ့အထိ မည်သည့်မဲပေးသည့်နေရာ၌မဆို မဲပေးနိုင်ပါသည်။

ရွေးကောက်ပွဲနေ့ အောက်တိုဘာလ (17) ရက်၊ စနေနေ့တွင် မဲပေးသည့်နေရာများအားလုံးကို မနက် 9 နာရီမှ ည 7 နာရီအထိ ဖွင့်လှစ်ပါမည်။

မဲပေးရမည့်နေရာများအတွက် တည်နေရာများနှင့် ဖွင့်လှစ်သည့်အချိန်များနှင့်ပတ်သက်သော သတင်းအချက်အလက်များကို **vote.nz** တွင် သို့မဟုတ် **0800 36 76 56** ထံ ဖုန်းခေါ်ဆိုခြင်းဖြင့် သိရှိနိုင်ပါလိမ့်မည်။

### သင်သည် ပြည်သူ့ဆန္ဒခံယူပွဲနှစ်ခုတွင်လည်း မဲပေးနိုင်ပါသည်

ယခုနှစ်၏အထွေထွေရွေးကောက်ပွဲတွင်၊ သင်သည် ပြည်သူ့ဆန္ဒခံယူပွဲနှစ်ခုတွင်လည်း မဲပေးနိုင်ပါသည်။ ပြည်သူ့ဆန္ဒခံယူပွဲသည် မေးခွန်းလွှာပေါ်ရှိမဲ ဖြစ်ပါသည်။

သင်သည် ပြင်းထန်သည့်ဖျားနာမှုရှိနေသူများကို တောင်းဆိုမှုအရ ဘဝအဆုံးသတ်ပေးသည့်ရွေးချယ်ခွင့်ပေးစွမ်းသည့် End of Life Choice Act 2019 ကို တွန်းအားပေးခြင်းအတွက် မဲပေးနိုင်ပါသည်။ ဖျော်ဖြေရေးအတွက် ဆေးခြောက်အသုံးပြုမှုကို တရားဝင်ဖြစ်လာစေခြင်းအတွက်လည်း မဲပေးနိုင်ပါသည်။

ပြည်သူ့ဆန္ဒခံယူပွဲများနှင့်ပတ်သက်၍ **referendums.govt.nz** တွင် ပိုမိုလေ့လာပါ

### စာရင်းသွင်းခြင်းနှင့် မဲပေးခြင်းနှင့်ပတ်သက်သော သတင်းအချက်အလက်များကို ပိုမိုရရှိနိုင်မည့်နေရာ

- **vote.nz** သို့ ဝင်ရောက်ကြည့်ရှုပါ။
- **0800 36 76 56** ထံ ဖုန်းခေါ်ဆိုပါ
- **facebook.com/voteNZ** ကို ဝင်ရောက်ကြည့်ရှုပါ

အဆိုပါသတင်းအချက်အလက်များကြောင့် အကျိုးရှိနိုင်သူတစ်ဦးဦးအား သိရှိပါက ကျေးဇူးပြု၍ ၎င်းအကြောင်းကို ပြောပြပေးပါ။

စာရင်းသွင်းခြင်းနှင့် မဲပေးခြင်းနှင့်ပတ်သက်သော သတင်းအချက်အလက်များကို **vote.nz** တွင် အခြားဘာသာစကားများဖြင့် ရရှိနိုင်ပါသည်။

# ဘယ်လိုမဲပေးရမှာလဲ

## 1 ဘောပင်တစ်ချောင်းနှင့် သင်၏ EasyVote ကဒ်ကိုယူပါ

သင်သည် သင်၏မဲပေးသည့်စာရွက်များကိုအမှတ်အသား လုပ်ရန် သင်၏ကိုယ်ပိုင်ဘောပင်ကို ယူလာနိုင်ပါသည်။ ၎င်းကိုမေ့ကျန်ခဲ့ပါက၊ စိတ်မပူပါနှင့်၊ ထိုနေရာတွင် ဘောပင်များကို ရရှိနိုင်ပါလိမ့်မည်။

သင်၏ EasyVote ကဒ်ကို သင်နှင့်အတူယူလာခြင်းသည် မဲပေးခြင်းကို ပို၍မြန်ဆန်စေမည်ဖြစ်သောကြောင့် ၎င်းကို သင်နှင့်အတူယူလာပါ။ သင်၏ကဒ်ကိုမေ့ကျန်ခဲ့ပါက သို့မဟုတ် သင့်တွင်ကဒ်မရှိပါက သင်သည် မဲပေးနိုင်ဆဲဖြစ်ပါသည်။





## 2 ပေးထားသောလက်သန့်ဆေးရည်ကိုသုံးပါ

သင်၏မဲပေးသည့်စာရွက်များကိုမယူမီတွင်၊ ပေးထားသောလက်သန့်ဆေးရည်ကို သုံးပါ။



## 3 လမ်းညွှန်ချက်များကိုလိုက်နာပါ

သင်၏မဲပေးသည့်နေရာရှိ ရွေးကောက်ပွဲအလုပ်သမားများသည် သင့်ကို မည်သည့်နေရာသို့သွားကာ မည်သို့လုပ်ရမည်ဆိုသည်ကို ပြသပါလိမ့်မည်။ ၎င်းတို့သည် မဲပေးသူများအတွက် နေရာပိုကျယ်စေရန် စီတန်းနေသောလူများကိုလည်း စီမံခန့်ခွဲပါလိမ့်မည်။




## 4 အထွေထွေရွေးကောက်ပွဲတွင် မဲပေးပါ

အထွေထွေရွေးကောက်ပွဲတွင်၊ သင်သည် မဲနှစ်မဲရပါသည် — ပါတီမဲနှင့် မဲဆန္ဒရှင်မဲတို့ဖြစ်ပါသည်။

## 5 ပြည်သူ့ဆန္ဒခံယူပွဲများတွင် မဲပေးပါ

ပြည်သူ့ဆန္ဒခံယူပွဲများအတွက် သင်၏မဲပေးသည့်စာရွက်ပေါ်တွင်၊ ပြည်သူ့ဆန္ဒခံယူပွဲ မေးခွန်းများကိုဖြေကြားခြင်းဖြင့် မဲပေးပါ။ 'Yes' သို့မဟုတ် 'No' ၏ဘေးတွင်အမှတ်ခြစ်ကာ အမှတ်အသားလုပ်ပါ။

ပြည်သူ့ဆန္ဒခံယူပွဲတွင်မဲပေးခြင်းကို ချန်လှပ်ထားနိုင်ပါသည်။ သင်သည် ဆန္ဒရှိပါက ပြည်သူ့ဆန္ဒခံယူပွဲတစ်ခုတွင်သာ မဲပေးရန် ရွေးချယ်နိုင်ပါသည်။




## 6 သင်၏မဲပေးသည့်စာရွက်များကို ပေးထားသောမဲပုံးများထဲသို့ထည့်ပါ

## 7 သင်မထွက်ခွာမီတွင် ပေးထားသောလက်သန့်ဆေးရည်ကိုသုံးပါ

သင်၏အထွက်လမ်းတွင်၊ ပေးထားသောလက်သန့်ဆေးရည်ကိုသုံးပါ။ ပြီးတော့ ဒါပါပဲ — မဲပေးခြင်းပြီးပါပြီ။



## သင်၏ပါတီမဲ

ပါတီမဲသည် ပါတီတစ်ခုချင်းစီက လွှတ်တော်တွင်ရရှိသည့် နေရာအရေအတွက်ပေါင်းကို ကြီးမားစွာ အဆုံးအဖြတ်ပေးသည်။ ပါတီမဲ ပိုများများရသော ပါတီများက လွှတ်တော်တွင် နေရာပိုများများ ရရှိပါမည်။

သင်သည် အထွေထွေမဲဆန္ဒရှင်စာရင်းဝင်ဖြစ်စေ သို့မဟုတ် Māori မဲဆန္ဒရှင်စာရင်းဝင်ဖြစ်စေ နိုင်ငံရေးပါတီများစာရင်းအတူတူထဲမှပင် ရွေးချယ်ရပါသည်။


သင်၏မဲပေးသည့်စာရွက်ပေါ်တွင်၊ သင်ရွေးချယ်သောနိုင်ငံရေးပါတီ၏အမည် ဘေး၌ အမှတ်ခြစ်ပါ။


## သင်၏မဲဆန္ဒရှင်မဲ

သင်၏မဲဆန္ဒရှင်မဲသည် သင်နေထိုင်သောဧရိယာအတွက် ပါလီမန်အဖွဲ့ဝင် (MP) ဖြစ်လာစေလိုသော ကိုယ်စားလှယ်ကိုရွေးချယ်ခြင်းအတွက် ဖြစ်ပါသည်။ သင်၏မဲဆန္ဒနယ်တွင် မဲအများဆုံးရသောကိုယ်စားလှယ်သည် သင်၏မဲဆန္ဒရှင် MP ဖြစ်လာပါမည်။

သင်သည် Māori လူမျိုး မဲဆန္ဒရှင်စာရင်းတွင်ဖြစ်ပါက၊ Māori ဒေသ မဲဆန္ဒနယ်ရှိ ရွေးကောက်ခံကိုယ်စားလှယ်ကို မဲပေးရပါလိမ့်မည်။ သင်သည် အထွေထွေ မဲဆန္ဒရှင်စာရင်းတွင်ဖြစ်ပါက၊ အထွေထွေမဲဆန္ဒနယ်ရှိ ရွေးကောက်ခံကိုယ်စားလှယ်ကို မဲပေးရပါလိမ့်မည်။

သင်၏မဲပေးသည့်စာရွက်ပေါ်တွင်၊ သင်၏ဒေသတွင်းဧရိယာကို ကိုယ်စားပြုစေလိုသောကိုယ်စားလှယ်အမည်၏ဘေး၌ အမှတ်ခြစ်ပါ။




ပါတီမဲများ၏ အဆိုပါအချိုးအစား = လွှတ်တော်ရှိထိုင်ခုံများနှင့် တူညီသောအချိုးစား

## မဲပေးတဲ့နေရာကို မသွားနိုင်ဘူးလား။

မဲပေးသည့်နေရာသို့သွားခြင်းသည် ခက်ခဲပါက သို့မဟုတ် သွားရန်မဖြစ်နိုင်ပါက၊ သင်သည် မဲပေးနိုင်ဆဲ ဖြစ်ကြောင်းသေချာစေရန် များစွာသောရွေးချယ်ခွင့်များကို ရရှိနိုင်ပါသည်။

သင်သည် အနားယူစောင့်ရှောက်ရေးဂေဟာတွင်ရှိနေပြီး မဲပေးသည့်နေရာသို့ မသွားနိုင်ပါက၊ သင်၏ ဒေသတွင်း ရွေးကောက်ပွဲတာဝန်ခံအရာရှိသည် မဲပေးသည့်ဝန်ဆောင်မှုများကိုစီစဉ်ပေးရန် သင်၏ အနားယူစောင့်ရှောက်ရေးဂေဟာ၏ မန်နေဂျာထံသို့ ဆက်သွယ်ပါလိမ့်မည်။

သင်သည် ဆေးရုံတွင်ရှိနေခြင်းကြောင့် မဲပေးသည့်နေရာသို့ မသွားနင်ပါက၊ အောက်တိုဘာလ (3) ရက်နေ့မှစတင်ကာ၊ မိတ်ဆွေ သို့မဟုတ် မိသားစုဝင်သည် သင်၏မဲပေးသည့်စာရွက်များကို သင့်ထံ ယူဆောင်လာပေးနိုင်ပါသည်။

သင်သည် ကျန်းမာရေး သို့မဟုတ် ရွေ့လျားသွားလာနိုင်မှု ချို့တဲ့ခြင်းကြောင့် မဲပေးသည့်နေရာထံမသွားနိုင်ပါက မဲပေးရန်အတွက် အကူအညီရယူနိုင်ပါသည်။ ပိုမိုသိရှိနိုင်ရန် **vote.nz** သို့သွားပါ သို့မဟုတ် သင်၏ရွေးချယ်ခွင့်များ အကြောင်းပြောကြားရန် **0800 36 76 56** ထံဖုန်းခေါ်ဆိုပါ။

## နိုင်ငံရပ်ခြားမှ ဆန္ဒမဲပေးခြင်း

သင်သည် စက်တင်ဘာလ (30) ရက်၊ ဗုဒ္ဓဟူးနေ့မှစတင်ကာ အောက်တိုဘာလ (17) ရက်၊ စနေနေ့ ည 7 နာရီမတိုင်မီအထိ (NZ အချိန်) ရေခြားမြေခြားမှ စာရင်းသွင်းကာ မဲပေးနိုင်ပါသည်။

ရေခြားမြေခြားမှမဲပေးရန် အလွယ်ကူဆုံးနှင့် အလျင်မြန်ဆုံးနည်းလမ်းမှာ အထွေထွေရွေးကောက်ပွဲနှင့် ပြည်သူ့ဆန္ဒခံယူပွဲများအတွက် **vote.nz** တွင် သင်၏မဲပေးသည့်စာရွက်များကို ဒေါင်းလုဒ်လုပ်ကာ ပရင့်ထုတ်ရန်ဖြစ်ပါသည်။

သင်သည် ရေခြားမြေခြားမှမဲပေးသည့်နေရာတွင်လည်း မဲပေးနိုင်ပါမည်၊ သို့မဟုတ် သင်ရှိနေသောရေခြားမြေခြားသို့ စာတိုက်မှ မဲပေးသည့်စာရွက်များပို့ပေးရန် တောင်းဆိုပါ။ ထိုရွေးချယ်ခွင့်များသည် သင့်ဧရိယာရှိ COVID-19 အခြေအနေပေါ်တွင်မူတည်ပါသည်။ ရေခြားမြေခြားမှမဲပေးခြင်းနှင့်ပတ်သက်သည့် နောက်ဆုံးရသတင်းအချက်အလက်များအတွက် **vote.nz** ကိုစစ်ကြည့်ပါ။

သင်သည် ရေခြားမြေခြားမှမဲပေးရန် အကူအညီလိုပါက၊ ကျွန်ုပ်တို့ထံဆက်သွယ်ပေးပါ။

**ရေခြားမြေခြားမှဖုန်းများ-** +64 9 909 4182 (နိုင်ငံတကာဖုန်းခေါ်ဆိုခနှုန်းထားများ ကျသင့်နိုင်ပါသည်)

**နယူးဇီလန်မှဖုန်းများ-** 0800 36 76 56

## သင်၏မဲပေးသည့်စာရွက်များကို ဖတ်ရှုခြင်း သို့မဟုတ် အမှတ်အသားလုပ်ခြင်းအတွက် အကူအညီလိုပါသလား။

မိတ်ဆွေ၊ မိသားစုဝင် သို့မဟုတ် ရွေးကောက်ပွဲဆိုင်ရာတာဝန်ရှိသူမှ သင်၏မဲပေးသည့်စာရွက်များကိုဖတ်ရှုခြင်း သို့မဟုတ် အမှတ်အသားလုပ်ခြင်းအတွက် အကူအညီပေးနိုင်ပါသည်။ ထိုသူမှလုပ်ပေးနိုင်သည်မှာ-

- သင်နှင့်အတူ မဲပေးသည့်ကန့်လန့်ကာနောက်ကွယ်သို့ သွားနိုင်သည်
- မဲပေးသည့်စာရွက်များပေါ်ရှိ စာလုံးများနှင့် သတင်းအချက်အလက်များကို ဖတ်ပြနိုင်သည်
- သင်တောင်းဆိုပါက မဲပေးသည့်စာရွက်များကို သင့်အတွက် အမှတ်အသားလုပ်ပေးနိုင်သည်။

၎င်းတို့သည် သင့်အား အထွေထွေရွေးကောက်ပွဲတွင် မည်သူ့ကိုမဲပေးသင့်သည်၊ သို့မဟုတ် ပြည်သူ့ဆန္ဒခံယူပွဲများတွင် မည်သို့မဲပေးသင့်သည်ဆိုသည်ကို ပြောပြ၍မရပါ။

သင်သည် မျက်စိအလင်းကွယ်နေသူဖြစ်ပါက၊ အနည်းငယ်မျက်စိအလင်းကွယ်နေသူဖြစ်ပါက သို့မဟုတ် အကူအညီမပါဘဲ သင်၏မဲပေးသည့်စာရွက်များကို အမှတ်အသားလုပ်နိုင်ခြင်းမရှိသော ကိုယ်ခန္ဓာမသန်စွမ်းမှုရှိနေပါက၊ သင်သည် ဖုန်းဖြင့်စေခိုင်းခြင်းဝန်ဆောင်မှုကိုသုံးကာ မဲပေးနိုင်ပါသည်။

သင်သည် အဆိုပါဝန်ဆောင်မှုကိုသုံးရန်အတွက် စာရင်းသွင်းရန်လိုပါသည်။ **0800 028 028** ထံ ဖုန်းခေါ်ဆိုကာ စာရင်းသွင်းရန် ရွေးချယ်ခွင့် 1 ကိုရွေးပါ။

သင်သည် စက်တင်ဘာလ (14) ရက်၊ တနင်္လာနေ့မှ အောက်တိုဘာလ (15) ရက်၊ ကြာသပတေးနေ့၊ ည (7) နာရီအချိန်အထိ စာရင်းသွင်းနိုင်ပြီဖြစ်ပါသည်။

အဆိုပါဝန်ဆောင်မှုအကြောင်းပိုမိုရှာဖွေရန် **vote.nz** သို့သွားပါ။